Mingin People Defense Force

မင်းကင်းမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

# စစ်ပွဲတွင်ပါဝင်လာသောအကြမ်းဖက်ပါတီဝင်များကိုတိုက်ခိုက်မည်

ကြေညာချက်အမှတ် - ၄/ ၂၀၂၁ (၁၂/၆/၂၀၂၁)

မင်းကင်းမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ကာကွယ်ရေးမူဝါဒအတိုင်း ပြည်သူများအားပစ်မှတ်ထားတိုက်ခိုက်မည်မဟုတ်ကြောင်း ကြေညာချက်အမှတ် ၃/၂၀၂၁ ဖြင့် အသိပေးထုတ်ပြန်ကြေညာပြီးဖြစ်သည်။ သို့ရာတွင် ယနေ့ (၁၂/၆/၂၀၂၁) ရက်နေ့ တောင်တွင်းဒေသ ယင်းမာ၊ တောင်စာရေး၊ ကြာပင်၊ ပိက္ခရား၊ မြေနီရွာများရှိ NLD လွှတ်တော်ကိုယ်စားလှယ်နှင့်ပါတီဝင်များ၊ အားပေးထောက်ခံသူအိမ်များနှင့်နေအိမ်များကိုလူသတ်အကြမ်းဖက်စစ်ကောင်စီအဖွဲ့ဝင်များအားဖျက်ဆီးရာတွင် ကြံ့ခိုင်ရေးပါတီဝင်များဖြစ်ကြသော တောင်စာရေးရွာမှဝင်းအောင်၊ ဆန်းမောင်နှင့် မိုင်တစ်ရာရွာမှကျော်မင်းဦးတို့သည် တိုက်ပွဲဝင်စစ်ဝတ်စုံများဝတ်ဆင်လျက်ပါဝင်ခဲ့သည်ကိုတွေ့ရသည်။ ထို့ကြောင့် လူသတ်အကြမ်းဖက်စစ်ကောင်စီ၏အကြမ်းဖက်လုပ်ငန်းများတွင် ကြံ့ခိုင်ရေးပါတီဝင်များမှ တိုက်ပွဲဝင်စစ်ဝတ်စုံများဖြင့် ပြောင်ကျကျပေါ်ပေါ်ထင်ထင်ပါဝင်လာပြီဖြစ်၍ နိုင်ငံတကာစံသတ်မှတ်ချက်များအရ ကြံ့ခိုင်ရေးပါတီအားအကြမ်းဖက်အုပ်စုဝင်အဖြစ် မိမိတို့တပ်ဖွဲ့မှသတ်မှတ်လိုက်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့တပ်ဖွဲ့ဝင်များသည် လူသတ်အကြမ်းဖက်စစ်ကောင်စီအဖွဲ့ဝင်များအပြင် မင်းကင်းမြို့နယ်အတွင်း အမာခံကြံ့ခိုင်ရေးပါတီဝင်များအား ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဖြစ်ပြီး သာမန်ပါတီဝင်များ၏အသက်အန္တရာယ်ကိုလည်း အာမမခံနိုင်ကြောင်း ထုတ်ပြန်လိုက်သည်။

မိမိတို့တပ်ဖွဲ့အင်အားဖြင့် မင်းကင်းမြို့နယ်အား အချိန်မရွေးဝင်ရောက်စီးနင်းသိမ်းပိုက်၍ ရသော်လည်း တနိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်မည့်အချိန်ကိုစောင့်ဆိုင်းနေခြင်းသာ ဖြစ်ကြောင်း ပြည်သူများသိရှိစေအပ်သည်။

"အရေးတော်ပုံအောင်ရမည်"

Sagaing People Defense Force